## ပထမခြေလှမ်းအတွက် နိဒါန်းစကား

Justin Bieber ဆိုတဲ့နာမည်ကို စာဖတ်ပရိသတ်အားလုံး တရင်းတနှီးရှိပြီးသားဆိုတော့ သူ့ရဲ့အသက်အရွယ်နဲ့မလိုက်တဲ့ အောင်မြင်မှုတွေအကြောင်း ပြောပြနေစရာ မလိုတော့ပါဘူး။ သူ့အောင်မြင်မှုတွေအကြောင်း သိရှိသူတွေများပေမဲ့ အဲဒီအောင်မြင်မှုရဲ့ခရီးလမ်းစကို ဘယ်လိုစပြီး လျှောက်လှမ်းခဲ့ရတယ် ဆိုတာကိုတော့ သူကိုယ်တိုင် ရေးသားထားတဲ့ First Step 2 Forever: My Story ကို ဖတ်ရတဲ့အခါကျမှ ပိုမိုသိမြင်လာရပါတယ်။ ဘာသာစကား ၂၅ မျိုးနဲ့ ပြန်ဆိုရေးသားကာ အုပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရပြီးဖြစ်တဲ့ ဒီစာအုပ်ဟာ သာမန် ကလေးအဆိုတော်တစ်ယောက်ထက်မက ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ Justin Bieber ရဲ့ ဘဝဇာတ်ကြောင်းကို စာဖတ်သူတွေ လက်က မချစတမ်း ဖတ်ချင်အောင် ဆွဲခေါ်နိုင်စွမ်း ရှိခဲ့ပါတယ်။

ဆယ်ကျော်သက်မိဘနှစ်ပါးကနေ ဖွားမြင်ခဲ့တယ်။ အခါမလည်ခင်မှာ မိဘတွေ အိမ်ထောင်ကွဲခဲ့တယ်။ အမေ့ဆီမှာ တစ်လှည့်၊ ဘိုးအေဘွားအေတွေဆီမှာတစ်လှည့် နေခဲ့ရတယ်။ ပြင်သစ်ကျောင်းငယ်လေးတစ်ခုမှာ ကျောင်းစတက်ခဲ့ရတယ်။ သူ့ဘဝရဲ့ ပထမဆုံးပြိုင်ပွဲမှာ အရှုံးနဲ့ကြုံခဲ့ရ



တယ်။ မျှော်လင့်ချက်တွေ ပြည့်ဆည်းဖို့ လိုအပ်တဲ့ငွေကို ပလက်ဖောင်းပေါ်မှာ ဂစ်တာတီးရင်း ရှာခဲ့ရတယ်။ ဒါတွေဟာ အခုနှစ် မတ်လ ၁ ရက်နေ့ကမှ အသက် ၁၈နှစ် ပြည့်ခဲ့တဲ့ ကမ္ဘာကျော် ပေါ့ပ်အဆိုတော် ကနေဒါသားလေး Justin Bieber ရဲ့ ဘဝနိဒါန်းစာမျက်နှာတွေပါ။

အဘိုးဖြစ်သူရဲ့ ဒဿနဆန်တဲ့ ဆုံးမစကားတွေအောက်မှာ ကြီးပြင်းလာရတဲ့ Justin Bieber ဟာ အရှုံးကို တည်တည်ငြိမ်ငြိမ် လက်ခံတတ်သူဖြစ်လာသလို၊ ကိုယ့်မှာရှိတဲ့ အစွမ်းကို အားကုန်ညှစ်ထုတ် သုံးစွဲတတ်သူလည်း ဖြစ်လာပါတယ်။ မိုးလေဥတုရာသီကင်းရှင်းတဲ့ ဆီပိခံတံတားကသင့်ရဲ့သင်္ဘောကြီးတွေကို ဖြေပြီး လှိုင်းကြမ်းတဲ့ပင်လယ်ပြင်မှာ ကုန်သည်လေနဲ့အတူ ရွက်လွှင့်လိုက်စမ်းပါဆိုတဲ့ ၁၉ ရာစုနှစ်ရဲ့ နာမည်ကျော် အမေရိကန်စာရေးဆရာကြီး Mark Twain ရဲ့ စကားလို အောင်မြင်မှုကို ရှာဖွေဖို့ တွန့်ဆုတ်၊ ဦးလေးမနေတတ်တဲ့ လူငယ်တစ်ယောက်အတွက် နတ်စီတဲ့ အိပ်မက်လှလှလေးတွေ အမှန်တကယ် စောင့်ဆိုင်းနေတတ်ပါတယ်ဆိုတာကို Teen မဂ္ဂဇင်းရဲ့ လူငယ်ပရိသတ်တွေအတွက် မျှဝေချင်တာကြောင့် အခုလိုဘာသာပြန်ဆို ဖော်ပြလိုက်တာပါ။ အခုနှစ်ကုန်ပိုင်း စက်တင်ဘာလလောက်မှာလည်း Justin Bieber : Just Getting Started အမည်ရ သူ့ဘဝဇာတ်ကြောင်းစာအုပ် နောက်ထပ်တစ်အုပ် ထုတ်ဝေဦးမယ်လို့ Harper Collins စာအုပ်တိုက်က ဆိုထားပါသေးတယ်။

The Beatles အဖွဲ့ရဲ့ အဆိုတော်ကြီး Paul Mocartney လို ဂစ်တာကို ဘယ်လက်နဲ့တီးခတ်တတ်တဲ့ Justin Bieber၊ ပျိုပျိုမေတို့ကို Bieber အဖျားတက်စေနိုင်စွမ်းတဲ့ Justin Bieber၊ ဘဝတိုက်ပွဲကို ဒဿနလက်နက်စွဲကိုင် ဆင်နွှဲခဲ့တဲ့ Justin Bieber၊ သူ့မိသားစုဟာ ဘုရားသခင်ချီးမြှင့်ထားတဲ့ ကောင်းချီးမင်္ဂလာတစ်ပါးပါလို့ဆိုတဲ့ Justin Bieber၊ အဆွေခင်ပွန်းဖြစ်တည်မှုကို တန်ဖိုးထားတတ်တဲ့ Justin Bieber အစရှိတဲ့ Bieber ပုံရိပ်အမျိုးမျိုးကို ဖူးငုံတို့တစ်တွေ အားကျစရာ၊ အတုယူစရာ၊ စံထားစရာအဖြစ် တွေ့ရှိကြမယ်လို့ မျှော်လင့်ရင်း သူရဲ့ ၁၈ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တင်ဆက်လိုက်ရပါတယ်။

ရာပြည့်

(၂၀၁၂ ခု၊ မတ်လ၊ ၂၅ရက်)